# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ် အစီရင်ခံစာ

ADVISORY COMMISSION ON
**RAKHINE STATE**

**၂၀၁၇ ခုနှစ်၊ မတ်လ**

**<u>မာတိကာ</u>**

နိဒါန်း

အကြံပေးကော်မရှင်၏ လုပ်ပိုင်ခွင့် ၄

အစီရင်ခံစာ၏ ရည်ရွယ်ချက် ၅

အမည်နာမ ခေါ်ဝေါ်သုံးစွဲမှု ၅

ကော်မရှင်၏ လုပ်ငန်းများအား စီမံဆောင်ရွက်မှု ၆

လုပ်ငန်းများဆောင်ရွက်သည့်အခါ ကော်မရှင်ရင်ဆိုင် ကြုံတွေ့ရသည့် ဆက်စပ်စဉ်းစားသည့် အခြေအနေ ၇

ကျေးဇူးတင်လွှာ ၉

ကြားဖြတ်အကြံပြုချက်များ ၁၁

လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနိုင်မှု ၁၁

သတင်းယူခွင့် ၁၁

တရားမျှတမှု နှင့် တရားဥပဒေစိုးမိုးရေး ၁၂

နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး ၁၂

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ၁၄

လုံခြုံရေးတပ်ဖွဲ့ဝင်များအား သင်တန်းများပေးခြင်း ၁၆

နိုင်ငံသားဖြစ်မှုနှင့် လွတ်လပ်စွာသွားလာခွင့် ၁၇

IDP စခန်းများအား ပိတ်ရေး ၂၀

ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ၂၂

လူ့အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှု ၂၃

နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် ကိုယ်စားလှယ်များ ထားရှိနိုင်မှု နှင့် ကိုယ်တိုင်ပါဝင်နိုင်မှု ၂၄

ဒေသအတွင်းရှိ နိုင်ငံများနှင့် ဆက်ဆံရေး ၂၅

## နိဒါန်း

## အကြံပေးကော်မရှင်၏ လုပ်ပိုင်ခွင့်

**(Mandate of the Advisory Commission)**

မစ္စတာ ကိုဖီအာနန် (Mr Kofi Annan) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ညွှန်ကြားချက်ဖြင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့၏ သဘောတူညီချက်ဖြစ်သော အကြံပေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ရန် ရည်ညွှန်းချက် (Terms of Reference) အရ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး၏ လက်ရှိအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် အကြမ်းဖက်မှုများ၊ အိုးမဲ့အိမ်မဲ့ဖြစ်ကာ နေရပ်စွန့်ခွာရမှုများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျရခြင်းများကို ဖြစ်ပေါ်လာစေသော အခြေခံအကြောင်းအချက်များအား ရှာဖွေတင်ပြရန်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကော်မရှင်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ လူနေမှုအခြေအနေများ၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးမှုဆိုင်ရာများနှင့် ပတ်သက်သည့် အခွင့်အလမ်းရရှိမှုအခြေအနေများ၊ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိစ္စရပ်နှင့် လွတ်လပ်စွာ သွားလာနိုင်မှုနှင့် အခြေခံရပိုင်ခွင့်များရရှိရေးအတွက် အာမခံချက်ပေးထားမှုများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားပါမည်။ ထို့ပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံးလျက်ရှိသော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကော်မရှင်အနေဖြင့် ပဋိပက္ခကာကွယ်တားဆီးခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်း၊ လူ့အဖွဲ့အစည်းများ အကြားပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းများဖွဲ့စည်းတည်ထောင်ခြင်းနှင့် ဖွံ့ဖြိုးမှု စသည့်နယ်ပယ် (၅) ခု နှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်သည့် အကြံပြုချက်များကို ပြုလုပ်သွားပါမည်။

အကြံပေးကော်မရှင်ကို ဦးဝင်းမြ၊ ဦးအေးလွင်၊ ဒေါက်တာ သာလုရွှေ၊ ဒေါက်တာ မြသီတာ၊ ဒေါ်စောခင်တင့်နှင့် ဦးခင်မောင်လေးတို့ပါဝင်သော နိုင်ငံသားအဖွဲ့ဝင် (၆) ဦးနှင့် မစ္စတာ ဂါဆန် ဆလမီ (Mr Ghassan Salamé) ၊ မစ္စလတေးရှ ဗန် ဒန် အဆမ် (Ms Laetitia van den Assum) နှင့် မစ္စတာ ကိုဖီအာနန် (Mr Kofi Annan) တို့ပါဝင်သော နိုင်ငံတကာ အဖွဲ့ဝင် (၃) ဦး၊ စုစုပေါင်း (၉) ဦးဖြင့် ဖွဲ့စည်းထားပါသည်။

## အစီရင်ခံစာ၏ ရည်ရွယ်ချက်

**(Purpose of this report)**

အကြံပြုချက်များနှင့်ပတ်သက်သည့် အဓိကအချက်အလက်များကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လကုန်တွင် ထုတ်ပြန်မည့်ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ အပြီးသတ်အစီရင်ခံစာမထုတ်ပြန်မီကာလအတွင်း ကြားဖြတ်အကြံပြုချက်များကိုတင်ပြရန် ကော်မရှင်အနေဖြင့် ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မကြာသေးမီက ဖြစ်ပွားခဲ့သောအခြေအနေများနှင့်ပတ်သက်၍ အစိုးရနှင့် ရခိုင်ပြည်နယ်အရေးတွင် ပါဝင်ပတ်သက်လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများအနေဖြင့် စောလျင်စွာ အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နိုင်စေရန်နှင့် ပိုမိုငြိမ်းချမ်း၍ အေးချမ်းသာယာသော အနာဂတ်တစ်ခုကို ကြိုးပမ်းတည်ဆောက်နေစဉ် ကာလအတွင်း အကြမ်းဖက်မှုများ ထပ်မံမပေါ်ပေါက်လာစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်စေရန် ဖြစ်ပါသည်။ အပြီးသတ်အစီရင်ခံစာတွင် ကော်မရှင်အား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအတွင်း အကျုံးဝင်သည့် နယ်ပယ်၊ ကိစ္စရပ်များနှင့် ပတ်သက်သည့် အကြောင်းအရာများအားလုံးကို တင်ပြသွားမည်ဖြစ်သကဲ့သို့ ယခုကြားဖြတ်အစီရင်ခံစာတွင် လတ်တလော အရေးတကြီး စောလျင်စွာ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသော ကိစ္စရပ်များကို တင်ပြသွားမည် ဖြစ်ပါသည်။ ကြားဖြတ်အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုသည် အပြီးသတ်အစီရင်ခံစာ၌ မည်သည့်အကြောင်းအရာ၊ အချက်အလက်များပါဝင်မည်ကို ညွှန်ပြမည်ဖြစ်ပါသည်။

ကော်မရှင်အား လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်အတွက် တာဝန်ပေးအပ်ထားခြင်း မရှိပါ။ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိနိုင်မှု၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးမှုရရှိရေးအလားအလာများကို အားနည်းသွားစေမည့် ဖွဲ့စည်းတည်ဆောက်မှု စနစ် ပြဿနာများ - Institutional and Structural Issues - ကို လေ့လာဆန်းစစ်မှုများ ပြုလုပ်၍ ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုနိုင်မည့်၊ လိုအပ်သည့်၊ ခိုင်မာသော နည်းလမ်းများအား အကြံပြုတင်ပြသွားရန် ဖြစ်ပါသည်။

## အမည်နာမ ခေါ်ဝေါ်သုံးစွဲမှု

**(Nomenclature)**

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပန်ကြားချက်အရ ကော်မရှင်အနေဖြင့် "ဘင်္ဂါလီ" ဟူသော အသုံးအနှုန်းနှင့် "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းတို့ကို ခေါ်ဝေါ် သုံးစွဲသွားမည်မဟုတ်ပါ။ ယင်းအစား "မွတ်ဆလင်" (သို့မဟုတ်) "ရခိုင်ပြည်နယ် အတွင်း ရှိ မွတ်ဆလင် လူ့အဖွဲ့အစည်း" ဟူ၍ ရည်ညွှန်းသုံးစွဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ရည်ညွှန်းသုံးစွဲမှုတွင် ကမန် မွတ်ဆလင်များ မပါဝင်ပါ။ ၎င်းတို့အား "ကမန်" ဟုသာ ရည်ညွှန်း ခေါ်ဝေါ်သွားမည် ဖြစ်ပါသည်။

## ကော်မရှင်၏ လုပ်ငန်းများအား စီမံဆောင်ရွက်မှု

**(Modus operandi)**

ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ကဏ္ဍအသီးသီးမှ ပါဝင်ပတ်သက်ဆောင်ရွက်နေ သောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှ အကြံပြုချက်နှင့် ဆွေးနွေးချက်များကို ရယူခဲ့ပါသည်။ အဆိုပါ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များတွင် ပြည်နယ်အစိုးရ၊ ရခိုင်ပြည်နယ်လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ ဘာသာ ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျေးရွာရှိ ရပ်မိရပ်ဖလူကြီးများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ ကျေးရွာအသီးသီးတွင် နေထိုင်ကြသူများနှင့် IDP စခန်းများတွင် နေထိုင်ကြသူများ ပါဝင်ပါ သည်။ ပြည်ထောင်စုအဆင့်တွင် ကော်မရှင်သည် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့အပါအဝင် နိုင်ငံရေးနှင့် တပ်မတော်မှ ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ပါ သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အစိုးရအရာရှိကြီးများနှင့် တွေ့ဆုံခဲ့ပြီး ကော့စ်ဘဇား (Cox's Bazar) ရှိ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်လေ့လာခဲ့ပါသည်။ ထို့ပြင် ကော်မရှင် သည် ကုလသမဂ္ဂအဖွဲ့အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (INGO's) များမှ ကိုယ်စားလှယ်များနှင့် လွတ်လပ်စွာလေ့လာဆန်းစစ်သူများထံ မှလည်း အကြံဉာဏ်များရယူခဲ့ပါသည်။ ကော်မရှင်သည် ရခိုင်နှင့်မွတ်ဆလင် လူ့အဖွဲ့အစည်းများအားလုံး အ ပြည့်အဝပါဝင်နိုင်စေရေးအတွက် လုပ်ဆောင်ပေးခဲ့ပြီး တူညီသော အရေအတွက်ရှိသည့် ရခိုင်နှင့် မွတ်ဆလင် ကိုယ်စားလှယ်များကို တွေ့ဆုံ၍ အကြံဉာဏ်များရယူခဲ့ပါသည်။ ထို့ပြင် ဆွေးနွေးအကြံဉာဏ်များ တောင်းခံရာ တွင်လူငယ်များနှင့် အမျိုးသမီးများပါ ပါဝင်နိုင်စေရန် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့မှစတင်၍ ကော်မရှင်အနေဖြင့် အကြံဉာဏ်ရယူသည့်ဆွေးနွေးပွဲများကို စစ်တွေ၊ မြောက်ဦး၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များနှင့် ရန်ကုန်နှင့် နေပြည်တော်တို့တွင် စုစုပေါင်း (၁၁၅) ကြိမ် ပြုလုပ်ကျင်းပခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့နှင့် ကော့စ်ဘဇား (Cox's Bazar) တွင်လည်း ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲများတွင် ကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၇၆၀) ဦးခန့်ကို တွေ့ဆုံခဲ့ပါသည်။ ထို့ပြင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးချင်းအနေဖြင့်လည်း တခြားတိုင်ပင်ဆွေးနွေးသင့်သော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

## လုပ်ငန်းများဆောင်ရွက်သည့်အခါ ကော်မရှင်ရင်ဆိုင် ကြုံတွေ့ရသည့် ဆက်စပ်စဉ်းစားသည့် အခြေအနေ

## (Context of the Commission)

ကော်မရှင်သည် ကြီးမားသော စိန်ခေါ်မှုများရှိသည့် ပတ်ဝန်းကျင်တွင် လုပ်ငန်းများကို လုပ်ဆောင်နေရပါသည်။ ရခိုင်ပြည်နယ်တွင် ဆင်းရဲမွဲတေမှု၊ ဖွံ့ဖြိုးမှုနိမ့်ကျမှု၊ လူ့အဖွဲ့အစည်းများအကြား ဆက်ဆံရေးတင်းမာမှုနှင့် ဗဟိုနှင့် အောက်ခြေများအကြားရှိ မကျေနပ်ချက် (centre-periphery grievances) တို့သည် ရောပြွမ်းရှုပ်ထွေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်၏ နေရာဒေသအများရှိ ဒေသခံပြည်သူလူထုတို့အကြားတွင် မိမိတို့အဖွဲ့အစည်းမဟုတ်သည့် တခြားလူ့အဖွဲ့အစည်းက မိမိတို့အပေါ်ထားရှိသော ရည်ရွယ်ချက်များနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများနက်ရှိုင်းစွာအမြစ်တွယ်နေကြပြီး အစိုးရအဖွဲ့အစည်းများအပေါ်တွင်လည်း ယုံကြည်မှု အားနည်းကြပါသည်။ အထူးအားဖြင့် အစိုးရမှ လူ့အဖွဲ့အစည်းများအားလုံးအတွက် အကာအကွယ်များပေးခြင်းနှင့် တခြားသောဝန်ဆောင်မှုများအား ပေးရာတွင် လိုအပ်ချက်များနှင့်အညီ ပြည့်မီစွာ ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်းက ကာလရှည်ကြာစွာရှိနေခဲ့ပြီးဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ရှုပ်ထွေးသော သဘောသဘာဝရှိသည့် စိန်ခေါ်မှုများကို သဘောပေါက်လက်ခံသကဲ့သို့ "အလွယ်တကူ ဖြေရှင်းသွားနိုင်သည့် နည်းလမ်းများ - quick fix solutions" မရှိသည်ကိုလည်း လက်ခံထားပါသည်။

ကော်မရှင်၏ ပထမ (၆) လတာ သက်တမ်းကာလအတွင်းတွင် ဖြစ်ပေါ်ခဲ့သည့် အကြောင်းအရာတချို့သည် ကော်မရှင်၏ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရမှုကို ပိုမို ခက်ခဲ ရှုပ်ထွေးစေခဲ့ပါသည်။

- ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံမှုအခြေအနေသည် သိသာစွာယိုယွင်းလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် မောင်တော မြို့နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့အား အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရ၍ ရဲတပ်ဖွဲ့ဝင်တချို့ကျဆုံးမှုရှိပြီးနောက်ပိုင်းတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များမှ အဆိုပါဒေသတွင်

နယ်မြေရှင်းလင်းရေး လုပ်ငန်းစဉ်များကို စတင်ခဲ့ပါသည်။ အကြမ်းဖက်မှုနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုများ ဖျက်ဆီးခံရခြင်းတို့ကြောင့် ဒေသအတွင်းနေထိုင်သူမွတ်ဆလင်အများအပြားသည် နယ်စပ်ကို ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့ကြပါသည်။ အကြမ်းဖက်မှုသည် ရခိုင်ပြည်နယ်၏ ကျန်ရှိသောဒေသများသို့ ပျံ့နှံ့ခဲ့ခြင်းမရှိသော်လည်း နှစ်ဖက်လူ့အဖွဲ့အစည်းအကြားရှိ ဆက်ဆံရေးအပေါ်တွင်မူ ပြည်နယ်တစ်ခုလုံး များစွာထိခိုက်မှုရှိခဲ့ပါသည်။ ထို့ပြင်တပ်မတော်၏ စစ်ဆင်ရေးများကို ၂၀၁၇ ခုနှစ်အစပိုင်းတွင် လျှော့ချခဲ့ပြီး ဖြစ်သော်လည်း အကြမ်းဖက်မှု ထပ်မံပေါ်ပေါက်လာနိုင်သော အခြေအနေသည် ဆက်လက်ကျန်ရှိနေဆဲ ဖြစ်ပါသည်။ အောက်တိုဘာ (၉) ရက် တိုက်ခိုက်ခံရမှုများအပြီး အစောပိုင်းကာလများသည် လုံခြုံရေးဆိုင်ရာ တုံ့ပြန်မှု ပြုလုပ်သည့်ကာလများဖြစ်ခဲ့သော်လည်း ယခု လက်ရှိအခြေအနေတွင်မူ အကြမ်းဖက်မှုအရှိန် မြင့်တက်မလာစေရေးနှင့် နှစ်ဖက်လူ့အဖွဲ့အစည်းအကြားတင်းမာမှုများကို ထိန်းချုပ်ပေးနိုင်စေရေးတို့ကို အထောက်အကူဖြစ်စေသည့် နိုင်ငံရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစုစည်း၍ တုံ့ပြန်မှုများကို ပြုလုပ်ဆောင်ရွက်သွားရန် အရေးတကြီး လိုအပ်နေပါသည်။ အကယ်၍ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပြည်သူများ၏ အခွင့်အလမ်းများနှင့် ပြည်သူ့အသံများကို လစ်လျူရှုမည်ဆိုပါက ဒေသခံလူ့အဖွဲ့အစည်းဝင်များသည် သဘောထားတင်းမာသူများ၏ စည်းရုံးသိမ်းသွင်းမှုကိုအလွယ်တကူခံသွားရနိုင်ပြီး အစွန်းရောက်ဝါဒများ ပိုမိုလွှမ်းမိုးလာစေသည့် အခြေအနေတရပ်ကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ အဆိုပါ ကိစ္စရပ်ကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းခြင်း မရှိပါက ယင်းအခြေအနေသည် ဒေသအတွင်းဖွံ့ဖြိုးမှုအလားအလာကောင်းများနှင့် နှစ်ဖက်လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းညီညွတ်မှုကို အားနည်းသွားစေပြီး နိုင်ငံတော်၏လုံခြုံရေးကိုပါ ထိခိုက်လာစေနိုင်ပါသည်။

- အစဦးပိုင်းကာလများတွင် တချို့သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရန်လုံးဝငြင်းဆိုမှုများရှိသကဲ့သို့ တချို့သည်လည်း အတိုင်းအတာတစ်ခုအထိသာ တွေ့ဆုံဆွေးနွေးဆက်ဆံခြင်းများ ပြုခဲ့ပါသည်။ ထို့ပြင် ကော်မရှင်အတွင်း၌ နိုင်ငံတကာအဖွဲ့ဝင်များ ပါဝင်မှုကြောင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအစောပိုင်းကာလတွင် ကော်မရှင်ကို ဖျက်သိမ်းရန်အဆိုကို ပြည်ထောင်စုအဆင့် လွှတ်တော်တွင် တင်သွင်းခဲ့ပါသည်။ ယင်းအဆိုသည် နောက်ဆုံးတွင်မအောင်မြင်ခဲ့သော်လည်း စက်တင်ဘာလ အလယ်ပိုင်းတွင် ရခိုင်ပြည်နယ်လွှတ်တော်၌ တင်သွင်းသော အလားတူအဆိုပြုမှုသည် အောင်မြင်မှုရရှိကာ ရခိုင်ပြည်နယ်လွှတ်တော်နှင့် ရခိုင်အမျိုးသားပါတီအပါအဝင် ရခိုင်အရေးတွင် ပါဝင်ပတ်သက်ဆောင်ရွက်နေသော အဖွဲ့အစည်းတချို့နှင့် ပုဂ္ဂိုလ်တချို့တို့က ကော်မရှင်အား လက်ခံ အသိအမှတ်မပြုဟု ဆိုကာ သပိတ်မှောက်ခဲ့ကြပါသည်။ ကော်မရှင်အနေဖြင့် အဆိုပါ ဆန့်ကျင် သပိတ်မှောက်ကြသူများထဲမှ တချို့နှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ထိုသပိတ်မှောက်မှုသည် ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံး၏

ထောက်ခံအားပေးမှုကို ရရှိစေရန်အတွက် ကော်မရှင်၏ကြိုးပမ်းဆောင်ရွက်မှုအပေါ် အဟန့်အတားဖြစ်စေခဲ့ပါသည်။

- ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလတွင်မြန်မာနိုင်ငံအစိုးရသည် မောင်တောမြို့နယ်တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေအား စုံစမ်းစစ်ဆေးနိုင်စေရန်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်နှစ်ရပ်၏ လုပ်ပိုင်ခွင့်များသည် တူညီမှု မရှိကြသော်လည်းတချို့သောကဏ္ဍများကို ဆောင်ရွက်ရာတွင်မူ ထပ်တူညီမှုများ ရှိနေပါသည်။ ပြည်သူလူထုအနေဖြင့်လည်းကော်မရှင်နှစ်ရပ်လုံးသည် အစိုးရမှ ဖွဲ့စည်းပေးထားခြင်းဖြစ်သောကြောင့် ကော်မရှင်တစ်ခုချင်းစီ၏ အခန်းကဏ္ဍနှင့် တာဝန်ယူဆောင်ရွက်ရမှုများအပေါ် တခါတရံ ကွဲကွဲပြားပြား သိရှိနားလည်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ ဒုတိယကော်မရှင်အား မောင်တောမြို့နယ်တွင် အောက်တိုဘာလ (၉) ရက်နေ့က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းဖြစ်ရပ်များ မတိုင်မီကတည်းကပင် ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ လုပ်ပိုင်ခွင့်မှာမူ ပြည်နယ်အတွင်း ကာလရှည်ကြာစွာ တည်ရှိနေသော ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာစိန်ခေါ်မှုများကို အလေးထားစုံစမ်းစစ်ဆေးနိုင်စေရန်အတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

- ကော်မရှင်အား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဖွဲ့စည်းပေးထားခြင်းဖြစ်ပါသည်။ သို့ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများအတွက် ဖြေရှင်းခြင်းနှင့် တခြားသောစီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့် လုံခြုံရေးဆိုင်ရာဌာနများ၏ လုပ်ပိုင်ခွင့်အာဏာများမှာမူ သီးခြားပုံစံဖြင့် တည်ရှိနေပါသည်။ သို့ရာတွင် ကော်မရှင်၏ လုပ်ငန်းရပ်များတွင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကော်မရှင်ဥက္ကဋ္ဌအား အခိုင်အမာ ပြောကြားခဲ့ပါသည်။

- ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အား နိုင်ငံတကာမှ ပြောဆိုနေမှုများသည် ပိုမိုပြင်းထန်လာကာ ထိပ်တိုက်ရင်ဆိုင်သည့် အသွင်ဆောင်လာခဲ့ပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာမှ အဖွဲ့အစည်းများကလည်း မတူညီသော ရှုထောင့်များမှနေ၍ အစိုးရ၏ဖြေရှင်းဆောင်ရွက်မှုများအပေါ် လွှမ်းမိုးရန် ကြိုးပမ်းနေကြပါသည်။ ကော်မရှင်အနေဖြင့် ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော စိန်ခေါ်မှုများ၏ မူလရင်းမြစ်များအကြောင်းကို နားလည်သိရှိနိုင်စေရန်နှင့် အဖွဲ့ဝင်များအားလုံး သဘောတူညီသည့်တွေ့ရှိချက်များနှင့် အကြံပြုချက်များရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်အထက်တွင်ဖော်ပြခဲ့သောအခြေအနေများသည် ကော်မရှင်၏လုပ်ငန်းဆောင်တာများလုပ်ဆောင်ရမှုအပေါ် ပိုမိုရှုပ်ထွေး၊ ခက်ခဲလာစေပါသည်။

## ကျေးဇူးတင်လွှာ

## (Acknowledgments)

ကော်မရှင်အားမဖွဲ့စည်းမီနှင့် ဖွဲ့စည်းပြီးနောက်ပိုင်းတစ်လျှောက် ကူညီခဲ့ကြသော၊ တန်ဖိုးမဖြတ်နိုင်သည့် အထောက်အပံ့များနှင့် အကြံပြုချက်များကို ပေးခဲ့ကြသော ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ပါဝင်ဆောင်ရွက်နေကြသူများအားလုံးနှင့် အဖွဲ့အစည်းများအားလုံးအား ကော်မရှင်မှ အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထိုကျေးဇူးတင်ထိုက်သူများတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တပ်မတော်၊ ရခိုင်ပြည်နယ် အစိုးရ၊ ရခိုင်နှင့် မွတ်ဆလင် နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာများနှင့် IDP စခန်းများနှင့် ဒုက္ခသည်စခန်းများတွင် နေထိုင်သူများ၊ ကုလသမဂ္ဂမှတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့်ဆန်းစစ်ဝေဖန်သူများ၊ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားသံတမန်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် ဒေသအတွင်းရှိ တခြားသောနိုင်ငံများမှ တာဝန်ရှိသူများပါဝင်ပါသည်။ ကော်မရှင်အနေဖြင့် ဖော်ပြပါ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

## ကြားဖြတ်အကြံပြုချက်များ

**(Interim Recommendations)**

### (၁) လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနိုင်မှု

**(Humanitarian Access)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context)။ ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့အား လက်နက်ကိုင်များက ဝင်ရောက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်ပိုင်း လုံခြုံရေး တပ်ဖွဲ့ဝင်များမှ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ စတင်ချိန်မှစ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးသောအဖွဲ့များအနေဖြင့် မောင်တောမြို့ရှိ တချို့နေရာများသို့ သွားရောက်ပြီး လုပ်ငန်းများ လုပ်ဆောင်နိုင်မှုများမရှိတော့ပါ။ ခြွင်းချက်တချို့ရှိသော်လည်း အကူအညီပေးသည့် အဖွဲ့အစည်းများအနေဖြင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သောဒေသများသို့ ဝင်ရောက်၍ ဒေသနေပြည်သူလူထု၏ လိုအပ်ချက်များ ဆန်းစစ်ရန် နှင့် ပုံမှန်အကူအညီများပေးရန်အတွက် ခွင့်ပြုချက်များမရရှိတော့ပါ။ တပ်မတော်ခေါင်းဆောင်ပိုင်းမှ နယ်မြေရှင်းလင်းရေးလုပ်ငန်းများအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ရပ်ဆိုင်းပြီးဖြစ်ကြောင်း ကော်မရှင်အား အသိပေးအကြောင်းကြားခဲ့ပါသည်။

### အကြံပြုချက်

**(Recommendation)**

-  ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ် အစိုးရတို့အနေဖြင့် မကြာမီအချိန်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ပဋိပက္ခများ၏ ဒဏ်ကို ခံခဲ့ရသော ဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အပြည့်အဝအတားအဆီးမရှိဘဲ ခွင့်ပြုသင့်ပါသည်။ အစိုးရသည် နိုင်ငံတကာအကူအညီဖြင့် အကြမ်းဖက်မှုများကြောင့် ထိခိုက်သွားသော လူ့အဖွဲ့အစည်းများအားလုံးသို့ လုံလောက်သောအကူအညီများကို ရရှိစေရန် ဆောင်ရွက်ပေးသင့်ပါသည်။

### (၂) သတင်းယူခွင့်

**(Media Access)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context)။ ။ လုံခြုံရေးတပ်ဖွဲ့များအား နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် စတင်ဆောင်ရွက်သည့်အချိန်မှစ၍ သတင်းမီဒီယာသမားများအား

ထိုဒေသများသို့သွားလာခြင်းကို တင်းကျပ်စွာကန့်သတ်ထားခဲ့ပါသည်။ ယင်းကန့်သတ်ချက်များသည် သတင်းစီးဆင်းမှုအား အတားအဆီးဖြစ်စေသည့်အတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အကျပ်အတည်းပြဿနာများနှင့်ပတ်သက်၍ အစိုးရမှထိရောက်၍ ပွင့်လင်းမြင်သာမှုရှိသည့် မူဝါဒများချမှတ်ကာ ဖြေရှင်းသွားရန်ကြိုးစားမှုများအပေါ် မလိုလားအပ်သည့် အကျိုးဆုတ်ယုတ်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

**အကြံပြုချက်**

**(Recommendation)**

- အစိုးရတာဝန်ရှိသူများအနေဖြင့် မကြာခင်က အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သောဒေသများသို့ သတင်းထောက်များအား ပုံမှန်လွတ်လပ်စွာသွားလာ၍ သတင်းယူနိုင်ရန် ခွင့်ပြုသင့်ပါသည်။

## (၃) တရားမျှတမှု နှင့် တရားဥပဒေစိုးမိုးရေး

**(Justice and Rule of Law)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ၂၀၁၆ ခုနှစ်၊ အောက်တို ဘာလ (၉) ရက်နေ့တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တချို့အသက်သေဆုံးစေသည်အထိ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲ နယ်မြေရှင်းလင်းရေးများကို ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် လုပ်ဆောင်လာပြီးနောက်ပိုင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နယ်မြေရှင်းလင်းရေးလုပ်ဆောင်ရာတွင် လူ့အခွင့်အရေးဆိုင်ရာဥပဒေကို ဆိုးဝါးစွာ ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲချက်များ ပေါ်ပေါက်ခဲ့ပါသည်။

**အကြံပြုချက်**

**(Recommendation)**

- လူ့အခွင့်အရေး ဆိုးဝါးစွာ ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲချက်များရှိနေသည့် အခြေအနေတွင် အစိုးရအနေဖြင့် လွတ်လပ်၍ ဘက်လိုက်မှုမရှိသော စုံစမ်းစစ်ဆေးမှုများ၏ တွေ့ရှိချက်များကို အခြေခံ၍လူ့အခွင့်အရေးချိုးဖောက်သူများအား ၎င်းတို့၏ ပြစ်မှုအတွက်တာဝန်ယူစေပြီး ထိုက်သင့်သည့် ပြစ်ဒဏ်များကိုပေးသင့်ပါသည်။

## (၄) နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး

**(Border Issues and the Bilateral Relationship with Bangladesh)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ မကြာမီအချိန်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောပြဿနာများသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဆက်ဆံရေးအရေးကြီးမှုကို အလေးပေးဖော်ညွှန်းနေပါသည်။ နယ်စပ်ဖြတ်ကျော်၍ ပေါ်ပေါက်လာနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် တခြားအန္တရာယ်များ၏ ခြိမ်းခြောက်လာနိုင်မှုများ၊ နှစ်နိုင်ငံအကြား ပြည်သူများ တစ်ဖက်နှင့်တစ်ဖက် နယ်စပ်ဖြတ်ကျော်သွားလာနိုင်မှုများကို စီမံခန့်ခွဲနိုင်ရန်နှင့် နယ်စပ်ဒေသကုန်သွယ်မှုများမှပေါ်ထွက်လာသည့် အခွင့်အလမ်းများကို ထိရောက်စွာအသုံးချနိုင်ရေးတို့အတွက် နှစ်နိုင်ငံအကြားကောင်းမွန်ရင်းနှီးသည့် ဆက်ဆံရေးများရှိရန် လိုအပ်ပါသည်။

## အကြံပြုချက်များ

## (Recommendations)

- မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အစိုးရများသည် နှစ်နိုင်ငံအကြား ဆက်ဆံရေးခိုင်မာကောင်းမွန်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်သည့် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ပူးတွဲကော်မတီတစ်ရပ်ကို အလျင်အမြန် အသက်သွင်းဆောင်ရွက်သင့်ပါသည်။ ဤပူးတွဲကော်မတီသည် အနည်းဆုံး လေးလတစ်ကြိမ် တွေ့ဆုံ၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သင့်ပါသည်။

  - ဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ မိမိတို့ သဘောဆန္ဒအလျောက် ပြန်လာနိုင်ရေး အတွက် နိုင်ငံတကာစံနှုန်းနှင့်အညီ နှစ်နိုင်ငံပူးတွဲစိစစ်မှုများ ပြုလုပ်ဆောင်ရွက်ပေးရန်။
  - လူကုန်ကူးမှုများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ တခြားသော တရားမဝင်ကုန်သွယ်မှုများနှင့် ထိုလုပ်ငန်းများလုပ်ဆောင်မှုကို အထောက်အကူဖြစ်စေသော ဥပဒေနှင့်မညီသည့် လုပ်ဆောင်မှုများအား တိုက်ဖျက်နိုင်မည့် နှစ်နိုင်ငံ ပူးတွဲယန္တရားတစ်ရပ်ကို ဖော်ဆောင်သွားရန်။
  - နှစ်နိုင်ငံအကြား တရားမဝင်ရွှေ့ပြောင်းသွားလာနေထိုင်သည့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မဟာဗျူဟာတစ်ရပ်ကို ပူးတွဲချမှတ်ဆောင်ရွက်ရန်။
  - ပုဂ္ဂလိကကဏ္ဍ၏ပူးပေါင်းပါဝင်မှုဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်အသက်သွင်းရန်နှင့် တရားဝင်နယ်စပ်ဖြတ်ကျော်မှုပြုလုပ်နိုင်သည့် နေရာအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မဟာဗျူဟာတစ်ရပ်ကို ပူးတွဲချမှတ်ဖော်ဆောင်သွားရန်။
  - အကြမ်းဖက်မှုအန္တရာယ်ကို တိုက်ဖျက်နိုင်ရေးအတွက် သတင်းအချက်အလက်အပြန်အလှန် ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာအောင် ပြုလုပ်ရန်။

- ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောက်ရှိနေသော ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှ ဒုက္ခသည်များ မိမိတို့ဒေသသို့ ပြန်လာသည့်အခါ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြန်လာသူများလုံခြုံစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ အကူအညီများပေးခြင်းနှင့် နေအိမ်များဖျက်ဆီးခြင်းခံရသူများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပေးခြင်းများကို ပြုလုပ်ပေးသင့်ပါသည်။

## (၅) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု

**(Socioeconomic Development)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်ပါသည်။ လက်ရှိစီးပွားရေးကဏ္ဍအနေဖြင့်လည်း အလုပ်သမားအများစုအတွက် အသက်မွေးဝမ်းကျောင်းမှုများ ပြုလုပ်နိုင်ရန် လုံလောက်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုမရှိပါ။ ထို့ပြင် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများ လုံလောက်စွာမရှိခြင်းနှင့် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများမရရှိခြင်းတို့ကိုလည်း ကြုံတွေ့နေရပါသည်။ ပြည်နယ်အတွင်း နေထိုင်ကြသည့် လူ့အဖွဲ့အစည်းများအနေဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိမှုသည်လည်း အားနည်းပါသည်။ အထူးသဖြင့် မွတ်ဆလင်များအနေဖြင့် ၎င်းတို့၏ခရီးသွားလာခွင့်ကို ကန့်သတ်ခံရမှုများရှိနေခြင်း၊ ဘာသာစကားပြောဆိုနိုင်မှုတွင် အခက်အခဲများရှိနေခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း နှင့် တချို့သောဆေးရုံ၊ ဆေးပေးခန်းများသည် ၎င်းတို့အား ကုသပေးရန် ငြင်းဆိုခြင်းများကြောင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် အခက်အခဲများပိုမိုကြုံတွေ့နေရပါသည်။ လက်ရှိအခြေအနေတွင် စစ်တွေနှင့် ရခိုင်ပြည်နယ်တဝှမ်းလုံးရှိ တခြားဒေသများမှဆေးရုံ၊ ဆေးပေးခန်းများနှင့် တခြားသော ကျန်းမာရေးဝန်ဆောင်မှုများ ပေးသည့်ဌာနများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာ ပြုလုပ်ပေးနိုင်ရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုများနှင့် အရည်အချင်း ပြည့်မီသည့် ကျန်းမာရေးဝန်ထမ်းများ ပိုမိုခန့်ထားခြင်းများကို ပြုလုပ်သွားရန် လိုအပ်ပါသည်။ ပညာရေးကဏ္ဍ၏လုပ်ငန်းဆောင်ရွက်နိုင်မှုများသည်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက တစ်နိုင်ငံလုံး၏ ပျမ်းမျှ လုပ်ဆောင်နိုင်မှုအောက်တွင် ရှိနေပါသည်။ ပြည်နယ်အတွင်း စာမတတ်သူ ရာခိုင်နှုန်းမြင့်မားလျက်ရှိပြီး၊ မူလတန်းအဆင့်ပြီးသည်အထိ စာသင်ကြားနိုင်သည့် ကျောင်းသားရာခိုင်နှုန်းမှာ အလွန်နိမ့်ကျနေပါသည်။ အထူးစိုးရိမ်စရာကောင်းသည့် ကိစ္စတစ်ရပ်မှာ မွတ်ဆလင်ကျောင်းသူ၊ ကျောင်းသားများ အနေဖြင့်ခွဲခြားဆက်ဆံသည့် မူဝါဒများနှင့် ခရီးသွားလာခွင့်ကန့်သတ်ချက်များကြောင့် တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ကြားနိုင်ခွင့်မရှိခြင်း ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရသည် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်၍ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးရေး (၅) နှစ် စီမံချက် (SEDP) ကို ကုလသမဂ္ဂအဖွဲ့၏ အကူအညီဖြင့် စတင်ရေးဆွဲခဲ့ပါသည်။

## အကြံပြုချက်များ

**(Recommendations)**

- ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်းနေထိုင်ကြသည့် လူ့အဖွဲ့အစည်းများအားလုံး၏ လိုအပ်ချက်များကို အလေးပေးဆောင်ရွက်ပေးနိုင်သည့် အထက်ဖော်ပြပါစီမံချက်အား အမြန်ဆုံးပြီးဆုံးအောင် ဆောင်ရွက်ပြီး ပြည်သူများသိရှိနိုင်စေရန် အသိပေးရှင်းလင်းတင်ပြမှုများ ပြုလုပ်သင့်ပါကြောင်း ကော်မရှင်မှ အကြံပြုအပ်ပါသည်။

- ပြည်ထောင်စုအစိုးရအနေဖြင့် ကျောက်ဖြူမြို့နယ်တွင် တည်ဆောက်ရန်ရှိသည့် အထူးစီးပွားရေးဇုံသည် ကျောက်ဖြူမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် နေထိုင်နေကြသော ပြည်သူလူထုအပေါ် မည်သည့် အကျိုးသက်ရောက်မှုများရှိနိုင်မည်နှင့် ပြည်နယ်အတွင်းရှိ တခြားစီးပွားရေးကဏ္ဍများနှင့် လုပ်ငန်းများ အပေါ်မည်သို့သော ကောင်းကျိုး၊ ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်ဆိုသည့် အချက်များကို စနစ်တကျလေ့လာသုံးသပ်၍ ပြည့်စုံသည့်လေ့လာဆန်းစစ်ချက်တစ်ရပ်ဖြစ်သော Strategic Environment Assessment ကို ပြုစုသွားသင့်ပါသည်။

- အောက်ပါကိစ္စရပ်များကို အလျင်အမြန် ဆောင်ရွက်သွားရန် ကော်မရှင်မှ အကြံပြုအပ်ပါသည်။
    - အသက်မွေးဝမ်းကျောင်းမှု နှင့် စက်မှုလက်မှု သင်တန်းများပေးခြင်း ။ ။ နိုင်ငံတော်အစိုးရအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုနှင့် စက်မှုလက်မှုသင်တန်းများကို နိုင်ငံတကာအထောက်အကူများဖြင့် လုပ်ဆောင်သွားနိုင်ရန် စီမံချက်တစ်ရပ်ရေးဆွဲသွားသင့်ပါသည်။ အစိုးရအနေဖြင့် အမျိုးသမီးများ အတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို အထူးအလေးပေးဆောင်ရွက်ခြင်းကို လုပ်ဆောင်ပေးသင့်ပါသည်။
    - ပညာရေး။ ။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် မူလတန်းပညာသင်ယူနိုင်မှုများ ပိုမို ရရှိလာနိုင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးသွားသင့်ပါသည်။
    - ကျန်းမာရေး။ ။ အစိုးရအနေဖြင့် လူ့အဖွဲ့အစည်းအားလုံး၏အကျိုးကို ရည်မှန်း၍ စစ်တွေဆေးရုံကြီး တိုးချဲ့ခြင်းနှင့် ပြန်လည်မွမ်းမံခြင်းဆိုင်ရာ စီမံချက်အား အမြန်ဆုံးရေးဆွဲသင့်ပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ပြည်သူများအား ပဏာမကျန်းမာရေးဝန်ဆောင်မှုများကို

ပေးနိုင်စေရန် တိုးချဲ့ ဆောင်ရွက်ပေးသွားသင့်ပါသည်။ (ဥပမာ။ ။ နယ်လှည့် (ရွေ့လျား) ဆေးပေးခန်း များမှတဆင့် ဆေးကုသမှုပေးခြင်းများကို တိုးချဲ့ ဆောင်ရွက်သွားသင့်ပါသည်။)

- ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့သည် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများ အားလုံးအား ဘာသာရေး၊ လူမျိုးရေး၊ ကျား/မ ဆိုင်ရာနှင့် နိုင်ငံသားဖြစ်မှုတို့ကို အခြေခံ၍ ခွဲခြားမှုများကို မပြု လုပ်ဘဲ အခွင့်အရေးတူညီစွာဖြင့် ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။ လူ့အဖွဲ့အစည်းဝင် များအားလုံးသည် တူညီသော ပညာသင်ယူခွင့်ရှိသည်ဟူသောအချက်ကိုလည်း အများပြည်သူအားလုံး သိရှိစေ ရန် ကြေညာပေးသင့်ပါသည်။ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှ မွတ်ဆလင်ကျောင်းသားများအား တက္ကသိုလ် ပညာသင်ကြားနိုင်ခွင့်များကို တားမြစ်ထားသည့်၊ လူမျိုးစုတစ်စုအား ခွဲခြားဆက်ဆံသည့် မူဝါဒများကို ပြုပြင် သင့်ပါသည်။

- ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့သည် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိသည့် လူ့အဖွဲ့ အစည်းများအား ဘာသာရေး၊ လူမျိုးရေး၊ ကျား/မ ဆိုင်ရာနှင့် နိုင်ငံသားဖြစ်မှုတို့ကို အခြေခံသည့် ခွဲခြားမှုများကို မပြုလုပ်ဘဲ၊ တူညီသော ကျန်းမာရေးဆိုင်ရာ ဆေးကုသခံယူခွင့်များရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုလူ့အဖွဲ့အစည်းများအားလုံးအနေဖြင့် တူညီသော ကျန်းမာရေးဆိုင်ရာ ဆေးကုသခံယူခွင့်များရှိသည် ဟူသော အချက်ကို အများပြည်သူအားလုံးသိရှိစေရန် ကြေညာပေးသင့်ပါသည်။ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေး ဆိုင်ရာ ဆေးကုသခွင့်များအား ကန့်သတ်ထားသည့် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို စတင် ပြုပြင် ဖယ်ရှားသင့်ပါသည်။

- ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့သည် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ် ကြသည့် စီးပွားရေးကုမ္ပဏီများအား ၎င်းတို့၏လုပ်ငန်းများ၌ ဝန်ထမ်းများခန့်အပ်ရာတွင် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအား ဦးစားပေးခန့်အပ်သွားစေရန် အားပေးသင့်ပါသည်။ ရခိုင်ပြည်နယ်အတွက် လူမှုစီးပွားဖွံ့ဖြိုး ရေးစီမံချက် (SEDP) အား ပြည်နယ်အစိုးရမှရေးဆွဲရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်မှု များပြုလုပ်သွားခဲ့ခြင်းကို ကော်မရှင်မှ အသိအမှတ်ပြုအပ်ပါသည်။ အစိုးရအနေဖြင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့်ညှိနှိုင်းတိုင်ပင်မှုများပြုလုပ်ခြင်းကို (SEDP) စီမံချက်အား အကောင်အထည်ဖော်သည့် ကာလ များအတွင်း၌လည်း ဆက်လက် လုပ်ဆောင်သွားသင့်ပါသည်။ အစိုးရအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များမှ အကြံပြုချက်များကို စနစ်တကျနှင့် ပုံမှန်ပေးသွားနိုင်စေရန်အတွက် နည်းလမ်းများကို ဖော်ဆောင်ပေး သင့်ပါသည်။

### (၆) လုံခြုံရေးတပ်ဖွဲ့ဝင်များအား သင်တန်းများပေးခြင်း

**(Training of Security Forces)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးဆိုင်ရာ အခြေအနေများသည် အလွန်အမင်းရှုပ်ထွေးလျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ရဲနှင့် တခြားသော လုံခြုံရေး ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် ကိစ္စရပ်များနှင့် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများအားကြိုတင်ခန့်မှန်းခြင်းနှင့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်းရှိ ဥပဒေများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ လက်ခံကျင့်သုံးသည့် စံများနှင့်အညီ၊ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အထူးလိုအပ်လှပါသည်။ ထို့ကြောင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၏ စွမ်းဆောင်ရည်များ တိုးမြင့်လာအောင် အစိုးရအနေဖြင့် စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ပါသည်။

**အကြံပြုချက်များ**

**(Recommendations)**

- အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ရဲနှင့် တခြားသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများနှင့် ဘာသာရေးနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားမှုများကိုလေးစားနားလည်မှု ရှိလာစေရေးအတွက် ဘက်စုံသင်တန်းများကို အလျင်အမြန် ဆောင်ရွက် ရန်လိုအပ်ပါသည်။ နိုင်ငံတကာမှအလှူရှင်များအနေဖြင့်လည်း အထက်ဖော်ပြပါသင်တန်းများအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့များ ပေးသင့်ပါသည်။
- ရဲတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်သူများသည် အမျိုးသမီးများနှင့် လူနည်းစုများ အပါအဝင်ပြည်နယ်အတွင်း နေထိုင်သူများ အားလုံးကို ကိုယ်စားပြုမှု ရှိသင့်ပါသည်။

## (၇) နိုင်ငံသားဖြစ်မှုနှင့် လွတ်လပ်စွာသွားလာခွင့်

**(Citizenship and Freedom of Movement)**

### (က) နိုင်ငံသားဖြစ်မှု

**(Citizenship)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များသည် မည်သည့်နိုင်ငံသားအဖြစ်မှ ရပ်တည်နိုင်မှုမရှိသည်မှာ ကြာပြီဖြစ်ပါသည်။ ခွဲခြားဆက်ဆံခံရမှုများနှင့် အနိုင်ကျင့်ခံရမှုများကိုကြုံတွေ့ကြရပါသည်။ မွတ်ဆလင်လူ့အဖွဲ့အစည်းအနေဖြင့် လှုပ်ရှားသွားလာနိုင်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊

မြေယာ ပိုင်ဆိုင်နိုင်မှု၊ ပညာသင်ယူနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာ ဆေးကုသခံယူနိုင်မှုများအပေါ် ကန့်သတ်ချက်များနှင့် ကြုံတွေ့ခံစားနေကြရပါသည်။ ယခင်နှင့်လက်ရှိအစိုးရများမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်များသည် ယနေ့အထိ လူဦးရေ (၂,၀၀၀) ဦးကိုသာ နိုင်ငံသားဖြစ်စေနိုင်သည့်အတွက်ကြောင့် အောင်မြင်မှုမရှိဟုဆိုရမည်ဖြစ်ပါသည်။ မွတ်ဆလင်အများစုအနေဖြင့် သတင်းအချက်အလက်များကို လွယ်ကူစွာ မရရှိခြင်း၊ နိုင်ငံသားဖြစ်ပြီးသူများအနေဖြင့် နိုင်ငံသားအခွင့်အရေးများကို ပြည့်ဝစွာမရရှိခြင်းနှင့် မိမိတို့မည်သူဖြစ်ကြောင်းကို ဖော်ပြနိုင်ခွင့်မရှိခြင်းတို့ကြောင့် အစိုးရ၏နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် ငြင်းဆန်နေကြသည်ကို တွေ့ရပါသည်။ တခြားတစ်ဖက်တွင်လည်း ရခိုင်လူ့အဖွဲ့အစည်းဝင်တချို့သည် နိုင်ငံသား စိစစ်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် အကျင့်ပျက်ခြစားသည့် ဝန်ထမ်းများကြောင့် နိုင်ငံသားမရသင့်သည့် မွတ်ဆလင်များ နိုင်ငံသားဖြစ်ခွင့် ရရှိသွားမည်ကို စိုးရိမ်မှုများ ရှိနေသည့်အတွက်ကြောင့် ထိုလုပ်ငန်းစဉ်အား ကန့်ကွက်မှုများ ရှိနေပါသည်။

## အကြံပြုချက်များ

**(Recommendations)**

- နိုင်ငံသားအဖြစ် သတ်မှတ်ခံရပြီးသူများအနေဖြင့် နိုင်ငံသားတိုင်း ရပိုင်ခွင့်ရှိသည့် အကျိုးအမြတ်များ၊ ရပိုင်ခွင့်များနှင့် လွတ်လပ်မှုများကို ရရှိသင့်ပါသည်။ ထိုအတွက်ကြောင့် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရပြီးသူများအနေဖြင့် အစိုးရ၏တရားဥပဒေစိုးမိုးရေး အစီအစဉ်များနှင့် အညီ၊ လွတ်လပ်စွာ သွားလာခွင့် အပြည့်အဝ ရရှိသင့်ပါသည်။ ထိုသို့ အခွင့်အရေးများ ပေးခြင်းအားဖြင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ခြင်းသည် ထင်ရှားသည့် အကျိုးအမြတ်များကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

- မြန်မာအစိုးရအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အတွက် တိကျရှင်းလင်းသည့် မဟာဗျူဟာတစ်ရပ်နှင့် လုပ်ငန်းစဉ်အကောင်အထည်ဖော်မည့်အချိန်ကာလတို့အား လျင်မြန်စွာ ချမှတ်သင့်ပါသည်။ ဤမဟာဗျူဟာသည် ပွင့်လင်းမြင်သာမှုနှင့် လိုချင်သည့်ရလဒ်များကို လွယ်ကူစွာ ရရှိနိုင်ရန် လိုအပ်သကဲ့သို့ တည်ဆဲဥပဒေများအပေါ်တွင် အခြေခံရန်လည်း လိုအပ်ပါသည်။ ဤမဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များအား ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်းဝင်များနှင့် ဆွေးနွေးတိုင်ပင်ကာ ကျယ်ပြန့်သည့် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပြုလုပ်သင့်ပါသည်။ ဤမဟာဗျူဟာတွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် တစ်ဆင့်ချင်းစီအတွက် တိကျသည့် အချိန်ကာလသတ်မှတ်ချက်များ ပါဝင်သင့် ပါသည်။

- လက်ရှိနိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် စောဒကတက်မှုများအား စိစစ်ရေး လုပ်ငန်းစဉ်တွင် ပါဝင်မှုမရှိသည့် တခြားအစိုးရဌာနများမှအရာရှိများအား တာဝန်ပေး၍ အရေးယူဆောင်ရွက်စေသင့်ပါသည်။

 အစိုးရအနေဖြင့် နိုင်ငံသားဖြစ်ပြီးသူများ၏ သား၊ သမီးများနှင့် ၎င်းတို့မှ ဆင်းသက်လာသူများအား နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် မပါဝင်စေဘဲ နိုင်ငံသားဖြစ်ရန် လျှောက်ထားခွင့်ပေးသင့်ပါသည်။ နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံ ကတ်ပြား (National Verification Card) ထုတ်ပေးရေးလုပ်ငန်းစဉ်သည် "သက်သေခံအထောက်အထား မရှိသူများ နိုင်ငံသားဖြစ်လာစေရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်" ၏ အဆင့်တစ်ဆင့်သာ ဖြစ်ပါသည်။

 နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်းဝင်များအနေဖြင့် အစိုးရနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သင့်ပါသည်။

## (ခ) လွတ်လပ်စွာသွားလာနိုင်မှု

**(Freedom of Movement)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်းနှစ်ဖွဲ့စလုံးမှ အဖွဲ့ဝင်များသည် ခရီးသွားလာခွင့်နှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ကြုံတွေ့နေရပါသည်။ မွတ်ဆလင် IDP များအနေဖြင့် လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ခွင့်များ လုံးဝနီးပါး ဆုံးရှုံးနေကြပါသည်။ ရခိုင်တချို့နှင့် IDP စခန်းများတွင် နေထိုင်ခြင်းမရှိသော ကျန်မွတ်ဆလင်များသည်လည်း အစိုးရမှ ချမှတ်ထားသည့် ကန့်သတ်ချက်များ၊ ဒေသဆိုင်ရာအစိုးရဝန်ထမ်းများ၏ သင့်သလိုချမှတ်သည့် ဆုံးဖြတ်ချက်များနှင့်အကျင့်ပျက်ခြစားသော ဝန်ထမ်းများ၏လုပ်ဆောင်မှုများကြောင့် တိုးမြင့်လာသော ခရီးစရိတ်များက ခရီးသွားလာရေးတွင် ကန့်သတ်ချက် များကိုပိုမိုကြုံတွေ့လာစေပါသည်။ ထိုအခြေအနေများကြောင့် ရခိုင်ပြည်နယ်တွင်နေထိုင်သူအများအပြား၏ ပညာသင်ကြားနိုင်မှု၊ ကျန်းမာရေးဆိုင်ရာဆေးကုသခွင့်ရရှိနိုင်မှုနှင့် တခြားဝန်ဆောင်မှုများ ရရှိနိုင်မှုကို လျော့ကျလာစေပါသည်။ ထို့ပြင် မိမိတို့အား တခြားအဖွဲ့မှ အဖွဲ့ဝင်များက ရန်ပြုနိုင်သည်ဟူသော ကြောက်ရွံ့စိုးရိမ်စိတ်သည် လူ့အဖွဲ့အစည်းနှစ်ရပ်လုံးရှိ အဖွဲ့ဝင်များတွင် ရှိနေခြင်းကြောင့် ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ခရီးသွားလာမှုများကိုမပြုလုပ်ကြတော့သဖြင့် လယ်မြေများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်မှု၊ ငါးဖမ်းထွက်မှုနှင့် ဈေးများသို့ သွားလာမှုပြုခြင်းများကို လျော့နည်းသွားစေပါသည်။

### အကြံပြုချက်

**(Recommendation)**

	အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံး ပုံစံအမျိုးမျိုးဖြင့် ရင်ဆိုင် ကြုံတွေ့နေရသော ခရီးသွားလာခွင့်နှင့်ပတ်သက်သည့် ကန့်သတ်ချက်များအား စာရင်းပြုစုခြင်းကို စတင်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခရီးသွားလာခွင့်ရရှိရေးအတွက် အကျင့်ပျက်ဝန်ထမ်းများအားပေးရသည့် ငွေကြေးကြောင့် မြင့်တက်လာသည့် ခရီးစရိတ်များနှင့်ပတ်သက်သည့်ကိစ္စကိုလည်း စုံစမ်းမှုများ ပြုလုပ်သင့်ပါသည်။

## (ဂ) မွေးစာရင်းရရှိမှု

### (Birth Certificates)

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ မွတ်ဆလင်ကလေးများအား မွေးစာရင်းထုတ်ပေးခြင်းသည် ၂၀၁၂ ခုနှစ်ပဋိပက္ခများနောက်ပိုင်းတွင် လုံးဝနီးပါး ရပ်ဆိုင်းသွားခဲ့ပါသည်။ ယခုအချိန်တွင် မွတ်ဆလင်ကလေးအများစုနှင့် ရခိုင်ကလေးတချို့တွင် မွေးစာရင်းများ မရှိပါ။ လက်ရှိအခြေအနေတွင် စာရင်းအတိအကျမရှိသော်လည်း ရခိုင်ပြည်နယ်ရှိ ကလေးအရေအတွက်၏ တစ်ဝက်နီးပါးသည် မွေးစာရင်းမရှိ ဟု ခန့်မှန်းပြောဆိုမှုများရှိနေပါသည်။

### အကြံပြုချက်

### (Recommendation)

	နိုင်ငံတော်အစိုးရအနေဖြင့် ကလေးများအား တစ်အိမ်တက်ဆင်း မွေးစာရင်းထုတ်ပေးသော လှုပ်ရှားမှုကို ဆောင်ရွက်ရန် ကော်မရှင်မှ အကြံပြုပါသည်။ ဤလှုပ်ရှားမှုကို ဆောင်ရွက်ရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အလှူရှင်များက နည်းပညာနှင့် ငွေကြေးဆိုင်ရာ အကူအညီများကို ပေးအပ်သင့်ပါသည်။

## (ဃ) IDP စခန်းများအား ပိတ်ရေး

### (Closure of IDP Camps)

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက် ပဋိပက္ခများကြောင့် မွတ်ဆလင် ၁၂၀,၀၀၀ ကျော်သည် ပြည်နယ်အတွင်းရှိ IDP စခန်းများတွင် ကန့်သတ်မှုများဖြင့် နေထိုင်နေကြရပါသည်။ IDP များ မူလနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေးနှင့် နေရာသစ်များတွင် နေရာချထားနိုင်ရေးတို့အတွက် ဆောင်ရွက်မှုများ တိုးတက်မှု မရှိသည်ကို တွေ့ရပါသည်။ ယခင်အစိုးရမှ ဖော်ပြပါ IDP ပြဿနာကို ဖြေရှင်းရန်အတွက် စီမံချက်တစ်ရပ်ကို ၂၀၁၄ ခုနှစ်တွင် ချမှတ်ခဲ့သော်လည်း ထိုလုပ်ငန်းစီမံချက်၏

အစိတ်အပိုင်းအနည်းငယ်ကိုသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ယခုလက်ရှိ အစိုးရသည် ဤပြဿနာကို ဖြေရှင်းရန်အတွက် စီမံချက်တစ်ရပ်ချမှတ်ရန် လိုအပ်လျက်ရှိပါသေးသည်။

## အကြံပြုချက်များ

**(Recommendations)**

- အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများပိတ်နိုင်ရေးအတွက် မဟာဗျူဟာတစ်ရပ်ကို သက်ဆိုင်ရာလူ့အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ချမှတ်သင့်ပါသည်။ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် အချိန်ဇယားကို ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်။ ထို့ပြင် ထိုမဟာဗျူဟာတွင် မိမိတို့၏ မူလနေရာများကို ပြန်သွားမည့် (သို့မဟုတ်) တခြားနေရာများတွင် ပြန်လည်နေရာချထားမည့်သူများအတွက် ၎င်းတို့ပြောင်းရွှေ့သွားသည့် နေရာများတွင် လုံခြုံမှုရှိရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အရေးများ ရရှိရေးတို့အတွက် ဖော်ထုတ်ဆောင်ရွက်ပေးမည့် စီမံချက်များလည်း ပါဝင်သင့်ပါသည်။

- အစိုးရအနေဖြင့် အောက်တွင်ဖော်ပြထားသည့် နေရာ (၃) ခုမှ IDP များအား ဖြစ်နိုင်ခြေရှိခြင်းနှင့် လုံခြုံမှုရှိခြင်းတို့ကို ထောက်ထားပြီး ၎င်းတို့၏မူလဒေသများသို့ ပြန်လည်အခြေချခွင့်ပြုခြင်း (သို့မဟုတ်) နေရာသစ်များတွင် နေရာချထားမှုပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးသင့်ပါသည်။ ဤသို့ လုပ်ဆောင်ပေးခြင်းသည် အစိုးရ၏စေတနာကို ဖော်ပြရာရောက်သည့်အပြင် IDP စခန်းများ ပိတ်သိမ်းခြင်းအတွက် ပထမခြေလှမ်းအစလည်း ဖြစ်ပါသည်။ အစိုးရအနေဖြင့်လည်း ပြန်လည်နေရာချနေထိုင်မည့်သူများနှင့် ထိုနေရာဒေသပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသောသူများ၏ လုံခြုံရေးကို အလေးထားဆောင်ရွက်ပေးနိုင်ရန် လုံခြုံရေးတပ်ဖွဲ့ကို ဖွဲ့စည်းပေးသင့်ပါသည်။

    - ရမ်းဗြဲမြို့နယ်တွင် ကမန်လူမျိုးမိသားစု (၅၅) စုသည် မိမိတို့၏ မူလနေအိမ်များကို စွန့်ခွာ၍ IDP စခန်းများတွင် နေထိုင်နေကြရပါသည်။ အစိုးရအနေဖြင့် ထိုကမန်မိသားစုများအတွက် ၎င်းတို့၏ မူလနေထိုင်ရာဒေသတွင် နေအိမ်များ ဆောက်လုပ်ရာ၌ လိုအပ်သည့် အထောက်အပံ့များ ပေးခြင်း၊ ရခိုင်လူထုအသိုင်းအဝန်းအား ကမန်လူမျိုးများအနေဖြင့် မိမိတို့၏မူလဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ကြောင်းအကြောင်းကြားအသိပေးခြင်း နှင့် ထိုအခြေအနေသစ်ကို နားလည်လက်ခံနိုင်စေရန် ပြင်ဆင်ပေးခြင်းများကို ပြုလုပ်သင့်ပါသည်။
    - ကြိမ်နီပြင် IDP စခန်းတွင် နေထိုင်လျက်ရှိသော မင်းသာဖ ကျေးရွာမှ မွတ်ဆလင် မိသားစု (၂၁၅) စု အား ၎င်းတို့၏မူလနေရပ်များတွင် ပြန်လည်နေရာချထားပေးနိုင်ရန်အတွက် အစိုးရအနေဖြင့် ပြန်လည်နေထိုင်မည့် မိသားစုတစ်စုချင်းအတွက် လုံးချင်းအိမ်များ ဆောက်လုပ်ပေးရန်နှင့် ၎င်း IDP

မိသားစုများအားငင်းတို့၏မူလဒေသများတွင် ပြန်လည်နေရာချပေးသည့်အခါဒေသအတွင်း နေထိုင်ကြသည့် လူ့အဖွဲ့အစည်းများနှင့် ပေါင်းစည်းပေးခြင်းကို ဆောင်ရွက်ပေးသင့်ပါသည်။

○ ကညင်တောမှ ရခိုင်အိမ်ထောင်စု (၆၅) စုခန့်သည် ၎င်းတို့အတွက် ပြန်လည်နေရာချထားရန် သတ်မှတ်ထားသည့် နေရာသို့ ပြောင်းရွှေ့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ အစိုးရအနေဖြင့် လိုအပ်သည့် အခြေခံအဆောက်အဦများ ဆောက်လုပ်ရန်အတွက် ရန်ပုံငွေများ ပို၍ချပေးသင့်ပါသည်။

## (၉) ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ

### (Cultural Issues)

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ရခိုင်လူမျိုးများ၏ အထင်ရှားဆုံးသမိုင်းနှင့် ယဉ်ကျေးမှုအစဉ်အလာပြယုဂ်ဖြစ်သည့် မြောက်ဦးမြို့သည် ယူနက်စ်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုအဖြစ် သတ်မှတ်ပေးရန် တင်ပြထားသည့် ယာယီစာရင်းတွင် ၁၉၉၆ ခုနှစ်မှစ၍ ပါဝင်ခဲ့ပါသည်။ ထိုသို့ မြောက်ဦးမြို့အား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် ဒေသတစ်ခု အဆင့်သို့ သတ်မှတ်ပေးလိုက်ပါက ရခိုင်ပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်မှုများ တဖြည်းဖြည်းချင်း တိုးမြင့်လာနိုင်ပြီး ရခိုင်ပြည်နယ်၏ စီးပွားရေးပိုမိုခိုင်မာတောင့်တင်းလာစေရန် အထောက်အကူပြုနိုင်ပါသည်။ အစိုးရအနေဖြင့် မြောက်ဦးအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုအဖြစ် ရွေးချယ်ခံရနိုင်ရန်အတွက် ယူနက်စ်စကိုသို့ တရားဝင်လျှောက်ထားပေးမှုအပါအဝင် တခြားလုပ်ဆောင်ရန် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

### အကြံပြုချက်

### (Recommendation)

 အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာရှိသည့် အမွေအနှစ်များ နှင့် ပတ်သက်သည့် ပြီးပြည့်စုံသော စာရင်းတစ်ရပ်ကို ပြုစုသွားနိုင်ရေးအတွက် စောင့်ဆိုင်းနေသည့် ကာလအတွင်း မြောက်ဦးမြို့အား ယူနက်စ်စကို၏ ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ်သတ်မှတ်ပေးရေးအတွက် အဆိုပြုသွားရန်ရှိကြောင်းကို တရားဝင်ကြေညာပေးသင့်ပါသည်။ အစိုးရအနေဖြင့် မြောက်ဦးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ရန်အတွက် တရားဝင်ချမှတ်ထားသည့် သတ်မှတ်ချက် (Criteria) များနှင့် ကိုက်ညီကြောင်း ပြသနိုင်ရန် နိုင်ငံတကာ အလှူရှင်များ၏ အကူအညီများကို ရယူ၍ ယူနက်စ်စကို၊ ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လုပ်ဆောင်သွားသင့်ပါသည်။

## (၁၀) လူ့အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှု

**(Inter-communal Dialogue)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသည် လူ့အဖွဲ့အစည်းများအကြားရှိ စုစည်းညီညွတ်မှုကို အားနည်းစေခဲ့ပါသည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား ပြန်လည်သင့်မြတ်လိုစိတ်များ ဖြစ်ပေါ်လာသည့် အနေအထား ရှိခဲ့ပါသည်။ သို့ရာတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ၌ မကြာမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှု ပဋိပက္ခများကြောင့် အဆိုပါအပြုသဘောဆောင်သည့် တိုးတက်မှုများသည် တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) လုံးဝပျက်ပျယ်သွားခဲ့ပါသည်။ ထို့ပြင် လူ့အဖွဲ့အစည်းများအကြားတွေ့ဆုံဆွေးနွေးမှုများမပြုလုပ်နိုင်ရန် အတားအဆီးများလည်း ရှိနေပါသည်။ ထိုအတားအဆီးများတွင် လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြားရှိ နှစ်ပေါင်းများစွာ အမြစ်တွယ်တည်ရှိနေသည့် အပြန်အလှန်ကြောက်ရွံ့မှုများနှင့် လူ့အဖွဲ့အစည်းများအတွင်း တွေ့ဆုံမှုကို ဆန့်ကျင် သူများရှိနေခြင်း၊ အစိုးရမှ ချမှတ်ထားသည့် ခရီးသွားခွင့်ဆိုင်ရာ ကန့်သတ်မှုကြောင့် လူ့အဖွဲ့အစည်းနှစ်ခုအကြား ထိတွေ့မှု လျော့နည်းလာခြင်းများ ပါဝင်ပါသည်။

လူ့အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုအကြား ထားရှိသည့် ယုံကြည်မှုများသည်လည်း ဒေသအလိုက် ပြောင်းလဲမှုများ ရှိကြပါသည်။ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများတွင် လူ့အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုအကြား ဆက်ဆံမှုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများထက် ပိုမိုကောင်းမွန်ပါသည်။ ထို့ပြင် မကြာခင်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားခဲ့သော ပဋိပက္ခအကြမ်းဖက်မှုများသည် ၂၀၁၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခကဲ့သို့ ရခိုင်ပြည်နယ်၏ တခြားဒေသများသို့ ပျံ့နှံ့ခြင်းမရှိကြောင်း သတိပြုမိပါသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြားတွင် ပြန်လည်သင့်မြတ်မှုများရရှိအောင် မဆောင်ရွက်နိုင်ပါက ရခိုင်ပြည်နယ်အတွင်းတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုရှိလာရန် အလားအလာများ အလွန်အားနည်းသွားမည် ဖြစ်ပါသည်။

လူ့အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှုများရှိလာစေရေးအတွက် အားပေးတိုက်တွန်းမှုများ ပြုလုပ်ခြင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ဤအချက်များနှင့် ပတ်သက်၍ ပိုမိုတိကျသည့် အကြံပြုချက်များကို တင်ပြသွားပါမည်။

### အကြံပြုချက်များ

**(Recommendations)**

- ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများသည် လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်မှုနှင့်အပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုများရှိလာစေရေးကို လူသိရှင်ကြားအားပေးလုပ်ဆောင်သွားသင့်ပါသည်။ အစိုးရအဖွဲ့များနှင့် လူ့အဖွဲ့အစည်းများအကြား မမှန်ကန်သောသတင်းများဖြန့်ချိမှုကိုလည်း ပပျောက်စေရေးအတွက် ဆောင်ရွက်သင့်ပါသည်။

- အစိုးရအနေဖြင့် အမုန်းတရားပွားများသည့် ပြောဆို၊ ဟောပြောမှုများနှင့် ရေးသားမှုများကို ပြင်းထန်စွာရှုံ့ချရန်နှင့် ထိုသို့လုပ်ဆောင်သူများကို ထိရောက်စွာအရေးယူမှုများ ပြုလုပ်သင့်ပါသည်။ နိုင်ငံရေး၊ ဘာသာရေးနှင့် လူ့အဖွဲ့အစည်းများမှ ခေါင်းဆောင်များသည် အမုန်းတရားပွားများစေသည့် ဟောပြောမှု နှင့် ရေးသားမှုများကို ရှုံ့ချသွားသင့်ပါသည်။

- ရခိုင်နှင့် မွတ်ဆလင်များ နှစ်ဖက်ရောင်းဝယ်ဖောက်ကားမှုကို အတူတကွရင်းနှီးစွာ ပူးတွဲ လုပ်ဆောင်နိုင်မည့်စျေးများ (Friendly Bazaars ၊ ချစ်ကြည်ရေး စျေးများ) ကို ဖော်ဆောင်ရေးအတွက် အားပေးသင့်ပါသည်။ အစိုးရမှလည်း ထိုသို့ လုပ်ဆောင်မှုများအား အကူအညီ အထောက်အပံ့များ ပေးသင့်ပါသည်။

## (၁၁) နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် ကိုယ်စားလှယ်များ ထားရှိနိုင်မှု နှင့် ကိုယ်တိုင်ပါဝင်နိုင်မှု

**(Representation and Participation in Public Life)**

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။ မြန်မာ့နိုင်ငံရေးစနစ်အတွင်း၌ မည်သည့်အဆင့်တွင်မှ မွတ်ဆလင်ကိုယ်စားလှယ်များ မရှိသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စု အဆင့်လွှတ်တော်နှင့် စစ်တွေမြို့ရှိ ပြည်နယ်အဆင့်လွှတ်တော်များတွင် မွတ်ဆလင်ကိုယ်စားလှယ်များ ပါဝင်မှုမရှိပါ။ မွတ်ဆလင်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖွဲ့စည်းရာတွင်လည်း အတားအဆီးများနှင့် ကြုံတွေ့နေရပါသည်။ ထို့ကြောင့် မွတ်ဆလင်လူ့အဖွဲ့အစည်းများအတွက် နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် ကိုယ်စားပြုနိုင်မှုနည်းလမ်းများမရှိဘဲဖြစ်နေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် မွတ်ဆလင်များ၏ ကိုယ်စားပြုနိုင်မှု အားကောင်းလာစေရေးအတွက် လုပ်ကိုင်ပေးသင့်ပါသည်။

### အကြံပြုချက်များ

**(Recommendations)**

	ရခိုင်ပြည်နယ်တွင်နေထိုင်သည့် မွတ်ဆလင်များအနေဖြင့် ၎င်းတို့၏သဘောထားများကို တင်ပြနိုင်စေရန်အတွက် ဆွေးနွေးမှုဆိုင်ရာ နည်းလမ်းများကို အစိုးရမှ အမြန်ဖော်ထုတ်ပေးသင့်ပါသည်။

	အစိုးရအနေဖြင့် မွတ်ဆလင်အများစုနေထိုင်သည့် ကျေးရွာနှင့် ကျေးရွာအုပ်စု များတွင် မွတ်ဆလင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုသင့်ပါသည်။

## (၁၂) ဒေသအတွင်းရှိ နိုင်ငံများနှင့် ဆက်ဆံရေး

### (Regional Relations)

ဆက်စပ်စဉ်းစားသည့် အခြေအနေ (Context) ။ ။မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများအား နိုင်ငံ၏ ပြည်တွင်းရေးပြဿနာတစ်ခုအဖြစ် သတ်မှတ်ပြီး၊ ယင်းပြဿနာနှင့် ပတ်သက်၍ အိမ်နီးနားချင်းနိုင်ငံများနှင့် ဆွေးနွေးမှုများပြုလုပ်ရန် ဆန္ဒမရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ (ASEAN) မှ နိုင်ငံခြားရေးဝန်ကြီးများကို ဖိတ်ကြား၍ ရခိုင်ပြည်နယ်တွင် မကြာမီအချိန်ကာလများက ဖြစ်ပွားခဲ့သော ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် အထူးသံတမန်တစ်ဦးအား ဒါကာမြို့သို့ စေလွှတ် ၍ မကြာခင်အချိန်က ဖြစ်ပွားခဲ့သည့် ဒုက္ခသည် ပြဿနာကို ဘင်္ဂလားဒေ့ရှ်အစိုးရ နှင့် အဆင့်မြင့်ဆွေးနွေးမှုများ ပြုလုပ်စေခဲ့ပါသည်။

### အကြံပြုချက်

### (Recommendation)

	အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသောအခြေအနေများနှင့် ပတ်သက်သည့် ကျယ်ပြန့်သောကိစ္စရပ်များနှင့် ဒေသအတွင်းအကျိုးသက်ရောက်မှုရှိနိုင်သည့်အကြောင်းအရာကိစ္စရပ်များကို အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ (ASEAN) ၏ အဖွဲ့ဝင်နိုင်ငံများအား ရှင်းလင်းဆွေးနွေးခြင်းများကို ဆက်လက်လုပ်ဆောင်သွားသင့်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြဿနာအား အိမ်နီးချင်းနိုင်ငံများနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် အထူးသံတမန် ခန့်အပ်ဆောင်ရွက်သင့်ပါသည်။